**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၂)**

**နေ့စွဲ – ၁၆. ၁. ၂၀၁၁**

## အပြစ်နှင့်နောက်ဆက်တွဲရလဒ်များအကြောင်း

(Sin and Its Consequences)

ကမ္ဘာကြီးသည်အခြေအနေဆိုးရွားနေသည်ဟုပြောလျှင် လူများစုက သဘောတူကြပါမည်။ လူမှုရေးမငြိမ်သက်မှုများ တကမ္ဘာလုံး၌ဖြစ်နေကြသည်။ ရာဇဝတ်မှုများ ဆက်လက်၍တိုးပွားနေသည်။ ကျွန်တော်တို့သည် မူး ယစ်ဆေးဝါး၊ အကြမ်းဖက်ဝါဒ၊ ဆူပူမှုများ စသည်တို့နှင့် တိုက်ပွဲဝင်နေရပါသည်။ ဖန်ဆင်းခြင်းကိုယ်၌က ဖျက်ဆီးခြင်းခံနေရပါသည်၊ ကမ္ဘာ့ရာသီဥတုပုံစံသည်ပင် ပြောင်းလဲနေဟန်တွေ့နေရပါသည်။

တချို့က ထိုပြဿနာများ၏အဖြေသည် အစိုးရများကို (သို့) အစိုးရတို့၏ပေါ်လစီများကို အောက်ခြေမှပြောင်းလဲပစ်ခြင်း၌၄င်း၊ သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်းနှင့် ပညာရေးတို့တွင်၄င်း တွေ့နိုင်မည်ဟု အသေအချာပြောနေကြပါသည်။ တချို့ကတော့ လိုအပ်သောပြောင်းလဲခြင်းများ သေချာစွာဖြစ်လာရန် ငွေကြေးပမာဏများစွာ ရင်းနှီးမြှုတ်နှံရမည်ဟု တောင်းဆိုနေကြပါသည်။ လူထုအား လုံလောက်သင့်တော်သော ပညာရေး၊ နေထိုင်ရေးနှင့် အခြားသောမရှိမဖြစ်အရာများကို သေချာပေါက်ကတိပေးရမည်။ ထိုသို့ပြုပြီးကာမှ ပို၍ကောင်းလာဖို့ ပြောင်းလဲနိုင်ပါမည်ဟု ပြောနေကြပါသည်။

လူအများက သိမြင်ဖို့ ငြင်းဆန်နေကြသည်မှာ လူသားတွင် "နှလုံးသားပြဿနာတခုရှိနေသည်" ဆိုသည့်အချက်ဖြစ်သည်။ ထိုနှလုံးသားပြဿနာ၏အစကို ကျွန်တော်တို့၏ပထမဆုံးမိဘများ(အာဒံနှင့်ဧဝ) အပြစ်ထဲကျဆုံးခြင်း၊ မနာခံခြင်းတို့တွင် ခြေရာကောက်နိုင်ပါမည်။ ထိုနှစ်ယောက်ကို ဘုရားသခင်သည် ပြည့်စုံခြင်း၌ဖန်ဆင်းခဲ့ပါသည်၊ ဘုရားသခင်ကို ချစ်မြတ်နိုးလျှက်၊ အပြစ်မပါဘဲ အမှုတော်ဆောင်နိုင်ခဲ့ကြပါသည်။

သို့သော် အာဒံသည် မစားရဟုတားမြစ်ထားသောအပင်၏အသီးကိုစားခြင်းဖြင့် အပြစ်ပြုခဲ့သည် (ကမ္ဘာ ၃)။ ကျွန်တော်တို့၏ ပထမဆုံးမိဘနှစ်ပါးသည်၊ သူတို့ထံသို့ မြွေအားဖြင့်လာသော စာတန်၏လိမ်ပြောခြင်းကို ယုံခဲ့ကြသည် (ကမ္ဘာ ၃း၁–၅၊ ဗျာ ၁၂း၉)။ မိမိသည် ဘုရားကဲ့သို့ဖြစ်နိုင်သည်ဟု လူသားက ယုံခဲ့ပါသည်။

ဘုရားသခင်က ကြိုတင်သတိပေးခဲ့သောအရာသည် အပြစ်ကြောင့် အာဒံ့ထံ ရောက်လာပါသည်၊ သူ သေပါသည်။ ထိုသေခြင်းက သူ၏ကိုယ်ခန္ဓာဖြစ်တည်မှုကို စတင်သက်ရောက်မှုဖြစ်ပါသည်၊ နောက်ဆုံး သင်္ချိုင်း၌အဆုံးသတ်ချိန်ထိဖြစ်သည်။ အကယ်၍သာ လွတ်မြောက်ခြင်းလမ်းကို မပံ့ပိုးပေးပါက၊ ထိုသေခြင်းက ငရဲထဲတွင် ထာဝရအပြစ်ဒဏ်ခံရခြင်းသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

ထိုအာဒံ့အပြစ်၏နောက်ဆက်တွဲရလဒ်များက လူသားတရပ်လုံးကို ကြီးမားသောပျက်ဆီးခြင်းသို့ ရောက်စေပါသည်။ အာဒံသည် အားလုံး၏ကိုယ်စားလှယ်နှင့် ဖခင်ကြီးဖြစ်သည်။ သူ၏တကြိမ်အပြစ်ပြုခြင်းက သေခြင်းတရားကို အားလုံးထံသို့ ရောက်လာစေပါသည် (ရောမ ၅း၁၂)။ ဝမ်းနည်းစရာရလဒ်မှာ လူအားလုံးသည် ဝိညာဉ်ရေးအရ သေလျှက် မွေးလာကြခြင်းဖြစ်သည်၊ မည်သူမျှ ကောင်းခြင်းကို မလုပ်နိုင်ကြတော့ပါ (ရောမ ၃း၁၀–၁၉)။

လူသား၏ နှလုံးသားပြဿနာကို "လုံးလုံးလျားလျားပျက်စီးခြင်း"ဟုခေါ်ပါသည်၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် မည်သည့်ကောင်းခြင်းကိုမှ မလုပ်နိုင်တော့ပါဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအကြောင်းကို ကျမ်းစာက "ကျောက်နှလုံးသား"ဟု ခေါ်ပါသည် (ယေဇ ၁၁း၁၉)၊ "ဆိုးညစ်သောနှလုံးသား"ဟုလည်း ခေါ်ပါသည် (ယေရမိ ၁၆း၁၂)။ ဘုရားသခင်နှင့်ဆက်ဆံခြင်းတွင် လူသား၌ ကျောက်နှလုံးသားရှိခြင်းသည်၊ လူ့ပြဿနာအားလုံးအတွက် အကြောင်းအရင်းဖြစ်ပါသည်။

အပြစ်၏ထိုနောက်ဆက်တွဲရလဒ်များက လူသား၏မျက်မှောက်ဘဝအသက်ရှင်ခြင်းကိုသာ ထိခိုက်သည်မဟုတ်ပါ၊ နောက်လာမည့်ကမ္ဘာနှင့်ပတ်သက်၍ထားရှိသော သူ၏မျှော်လင့်ခြင်းအားလုံးကိုလည်း ထိခိုက်ပါသည်။ လူသည် နောက်တခါပြန်မမွေးလျှင် ကောင်းကင်နိုင်ငံတော်ကို မြင်ပင်မမြင်ရပါ (ယော ၃း၃)။ လူသား၏ဘဝ ပြန်လည်ကောင်းချီးခံရဖို့ဆိုလျှင်၊ အသက်တာအသစ်၊ နှလုံးသားအသစ် (သို့) စင်ကြယ်သောနှလုံးသာ ပြန်ရှိရပါမည် (ဆာလံ ၅၁း၁၀)။ ထိုကိစ္စသည် ဘုရားသခင်ထံမှသာ စတင်ဖြစ်ပွားနိုင်ပါသည်။

ဘုရားသခင်က သူ၏ကြီးမြတ်သောကျေးဇူးတော်လုပ်ဆောင်မှု၊ မိမိလူများကို အသစ်ပြန်လည်ဖန်ဆင်းမှု၊ ပြောင်းလဲစေမှုတို့ ပြီးသည့်အခါမှသာ အပြစ်၏ဆိုးညစ်သောနောက်ဆက်တွဲရလဒ်များမှ အဆုံးသတ်နိုင်ခြင်းကို မျှော်လင့်၍ရပါမည်။ အပြစ်ကြောင့် ဤကမ္ဘာကြီးသည်ပင် သန့်စင်ပစ်ရပါမည်၊ သခင်ခရစ်တော်၏ ထာဝရနိုင်ငံတော် ရောက်လာရပါမည်။ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးတို့ ပြောင်းလဲပြုပြင်ယုံမျှဖြင့် ထိုကိစ္စကို မဖြစ်စေနိုင်ပါ။

## မူလအပြစ်အကြောင်း (Original Sin)

ကျွန်တော်တို့ မည်သည့်အခါတွင်မျှ အပြစ်မလုပ်လျှင်လည်း – မှားယွင်းခြင်းတခုမှ မလုပ်လျှင်လည်း – ဘုရားသခင့်ရှေ့တော်မှောက်တွင် အပြစ်သားများဟု သတ်မှတ်ခံရမည်သာဖြစ်ပါသည်။ ၄င်းကို ကျမ်းစာ၏ဩဝါဒ “မူလအပြစ်”ဟု ခေါ်ပါသည်။

သင် မူလအပြစ်ဆိုသည့်စကားလုံးကိုတွေ့တိုင်း အာဒံအပြစ်ကိုရည်ညွှန်းကြောင်းသိနားလည်ရပါမည်၊ ထိုအပြစ်ကို ဘုရားသခင်က ကျွန်တော်တို့တွင်လည်း တာဝန်ရှိကြောင်း သတ်မှတ်ပါသည်။ ကျွန်တော်တို့သည်လည်း အာဒံ ပထမဆုံးမနာခံသကဲ့သို့ အပြစ်ရှိကြပါသည်။ အပြစ်ရှိလှသဖြင့် သူ့အားဒဏ်ပေးသကဲ့သို့ ဒဏ်ပေးခြင်းကို ခံကြရပါသည်။ ကျွန်တော်တို့သည် အပြစ်နှင့်လွန်ကျူးမှုများထဲတွင် မွေးဖွားလာကြသည်၊ အစပထမက ဘုရားသခင် ကြေညာခဲ့သည့်ပုံစံအတိုင်း ပြစ်ဒဏ်ကို ခံစားကြရသည် (ကမ္ဘာ ၂း၁၇)။

ထိုမူလအပြစ်ဩဝါဒကို ရောမ ၅း၁၂ တွင်တွေ့ရပါသည်။ ထိုနေရာတွင် အာဒံအပြစ်ပြုသောအခါ သေခြင်းသည် လူသားတရပ်လုံးထံရောက်လာသည်ဟု သတိပေးထားပါသည်။ ထိုနေရာတွင် လူများတို့က အပြစ်ပြုကြသောအခါ သေကြသည်ဟု ပြောမထားပါ၊ ထိုမှဆန့်ကျင်စွာ သေခြင်းသည် လူအားလုံးတို့အပေါ် ရောက်နှင့်ပြီးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် လူအားလုံးအပြစ်ပြုကြ၍ဟု ပြောနေပါသည်။ အတိတ်တချိန်တခါက လူအားလုံး အပြစ်ပြုခဲ့ကြပြီးဖြစ်သည်၊ မမွေးကြသေးသူများပင် အပြစ်ပြုခဲ့ကြပြီးပြီ၊ ထို့ကြောင့် အားလုံး အပြစ်များနှင့်လွန်ကျူးခြင်းများထဲ၌ သေလျှက်မွေးလာကြသည်။ အားလုံးသေလျှက်မွေးလာကြဖို့ မည်သည့်အချိန်တွင် တယောက်မကျန် အပြစ်ပြုခဲ့ကြပါသနည်း? ဖြစ်နိုင်ခြေရှိသည့်တခုတည်းသောအဖြေမှာ ရောမ ၅း၁၂ ဖြစ်သည်၊ အားလုံး အာဒံထံ၌ အပြစ်ပြုခဲ့ကြပြီးဖြစ်သည်။

မူလအပြစ်တွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ ပထမ၊ အားလုံး အာဒံထံ၌အပြစ်ပြုကြသည်၊ သူ၏အပြစ်တွင် အားလုံးပါဝင်ကြသည်။ ၄င်းကို “မူလအပြစ်ရှိမှု”(Original guilt)ဟုခေါ်ပါသည်။ လူတိုင်းအတွက် အာဒံက ကိုယ်စားပြုသဖြင့် ဖြစ်လာသောရလဒ်ဖြစ်သည်။ ဒုတိယ၊ လူတိုင်းအပြစ်ရှိကြပြီးဖြစ်၍ မမွေးခင်ကပင် လူတိုင်းသည် အပြစ်အတွက်ဒဏ်ခတ်ခံရခြင်းကို ခံစားကြလျှင် မွေးဖွားလာကြသည်၊ ၄င်းကို ထာဝရသေခြင်းဟုခေါ်သည်။ လူတို့သည် အပြစ်များနှင့်ကျူးလွန်ခြင်းများထဲတွင် မွေးလာကြသည် (ဧဖက် ၂း၁)။ ထိုမူလအပြစ်၏အစိတ်အပိုင်းတခုဖြစ်သော မွေးစကပင်ရောက်လာသည့်ဒဏ်ပေးခံရခြင်းကို “မူလညစ်ညမ်းခြင်း” (သို့) “လုံးဝပျက်စီးနေခြင်း”ဟုခေါ်သည်။

လူအများက ဤဩဝါဒကို မကြိုက်ကြပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့အတွက် အတော်ကလေးပင် မတရားသကဲ့သို့ မြင်နေကြပါသည်။ သို့သော် တကယ်တမ်းတွင် မတရားခြင်းမမည်ပါ။ ဘဝတွင် ကျွန်တော်တို့သည် တခြားသူများပြုသောကြောင့် ဖြစ်ပေါ်လာသောတာဝန်များကို မတရားပါဟု တခါမှပင်မတွေးမိဘဲ ယူနေကြရသည်များ ရှိနေပါသည်။ ကျွန်တော်တို့၏ နိုင်ငံရေးခေါင်းဆောင်များက ဥပဒေများချမှတ်ကြသောအခါ၊ လိုက်နာဖို့ ကျွန်တော်တို့တွင် တာဝန်ရှိလာပါသည်။ ကလေးများ၏ပြုမူကျင့်ကြံခြင်းများအတွက် နေရာအတော်များများတွင် မိဘများက တာဝန်ယူရပါသည်။ ထိုသို့တာဝန်ယူရမှုသည် ဘဝ၏တကယ့်အဖြစ်မှန်ဖြစ်သည်။ ကယ်တင်ခြင်းတွင်လည်း ထိုအမှန်တရားသည် လက်တွေ့မှန်နေပြန်ပါသည်။ သခင်ခရစ်တော်က ကျွန်တော်တို့အတွက် တာဝန်ယူပေးခြင်း၊ ကျွန်တော်တို့အပြစ်များတွက် ကယ်တင်ရှင်အဖြစ်တာဝန်ယူအသေခံပေးခြင်းအပေါ် မည်သူကမျှ မကျေမနပ် ညီးတွားမနေကြပါ၊ မတရားတာလုပ်နေသည်ဟုလည်း မတွေးကြပါ။ ကယ်တင်ခြင်းသည် ကျွန်တော်တို့ထံ ခရစ်တော်အားဖြင့် ရောက်လာသည့်နည်းတူ၊ အပြစ်သည်လည်း ကျွန်တော်တို့ အာဒံအားဖြင့် ရောက်လာခဲ့ပါသည်။

မူလအပြစ်အကြောင်းသည် ကျမ်းစာ၏ အတော်အရေးကြီးသောဩဝါဒဖြစ်ပါသည်။ တယောက်ချင်းစီအတွက်လည်း အလွန်အရေးကြီးပါသည်။ ထိုဝါဒက ကျွန်တော်တို့သည် အပြစ်သားများအဖြစ် လုံးလုံးလျားလျား ပျောက်ဆုံးနေခဲ့ကြကြောင်း၊ သခင်ခရစ်တော်အားဖြင့်မှလွဲ၍ ကယ်တင်ခြင်း မရှိနိုင်ကြောင်း၊ မဖြစ်နိုင်ကြောင်းကို သင်ပေးပါသည်။ ဤဩဝါဒမှနေ၍ ကျွန်တော်တို့ မည်သည့်အပြစ်ကိုမှမလုပ်ကြလျှင်လည်း ဘုရားသခင်သည် ကျွန်တော်တို့အပေါ် အမျက်ထွက်တော်မူကြောင်း၊ ထာဝရအပြစ်ဒဏ်ကို ပေးမည်သာဖြစ်ကြောင်း သင်ကြရပါသည်။ ထို

သို့သိရခြင်းက ကျွန်တော်တို့ကို ကယ်တင်ခြင်းနှင့်အကူအညီရဖို့ ခရစ်တော်၏လက်ဝါးကပ်တိုင်ထံသို့မှလွဲ၍ မည်သည့်နေရာကိုမှ မသွားကြရန် သဘောပေါက်စေပါသည်။

သင်သည် မူလအပြစ်နှင့်အတူမွေးလာခဲ့ကြောင်း သိပါသလား? သင့်ကလေး အငယ်ဆုံးကလေးထံသို့ပင် ထိုအရာသည် ကူးဆက်နေပြီးဖြစ်ကြောင်း သိပါသလား? ထိုထိတ်လန့်စရာကောင်းသော ရောဂါဆိုးကြီးကို ပျောက်ကင်းစေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ သခင်ယေရှုခရစ်တော်၏အလုပ်သာဖြစ်ကြောင်း သင်သိပါသလား? ထို့အတွက်ကြောင့် ကျမ်းစာက ကယ်တင်ခြင်းရရန် သူ့ကိုသာယုံကြည်ရမည်ဟု ပြောနေခြင်းဖြစ်ပါသည်။

## လုံးလုံးလျားလျားပျက်စီးနေခြင်းအကြောင်း (Total Depravity)

ဤစာစောင်ကိုဖတ်ကြသူများသည် ကဲလ်ဗင်ဩဝါဒငါးချက်ကို ရင်းနှီးကြပါမည်။ ၎င်းကို တခါတရံ "ကျေးဇူးတော်၏ဩဝါဒများ"ဟုလည်း ခေါ်ကြပါသည်။ ထိုအချက်ငါးချက်က သင်ပေးသည်မှာ ကယ်တင်ခြင်းတွင် ဘုရားသခင်သည်အစိုးရတော်မူသည်ဆိုသည့်အကြောင်းဖြစ်သည်။ နောက်တမျိုးပြောရလျှင် ကယ်တင်ခြင်းသည် အစမှအဆုံး ဘုရားသခင်အပေါ်သာ တည်ပါသည်၊ ကျွန်တော်တို့၏အလိုဆန္ဒနှင့်လုပ်ဆောင်မှုများအပေါ်တွင် မတည်ပါ။

ထိုအချက်ငါးချက်၏ ပထမဆုံးအချက်မှာ "လုံးလုံးလျားလျားပျက်စီးနေခြင်း"ဖြစ်သည်။ ဤအချက်က ကယ်တင်ခြင်းသည် အစမှအဆုံး အဘယ်ကြောင့် ဘုရားသခင်နှင့် သူ၏ကျေးဇူးတော်အပေါ်၌သာ တည်မှီနေရခြင်းကို ပြောပြပါသည်။

"ပျက်စီးနေခြင်း"ဆိုသည့်စကားလုံးက ကျွန်တော်တို့၏ အပြစ်များခြင်းနှင့်ဆိုးညစ်ခြင်းအခြေအနေကို ရည်ညွှန်းပါသည်။ ထိုစကားလုံးကို ကျွန်တော်တို့သုံးသည့်အခါ ဘုရားသခင်၏ရှေ့တော်မှောက်တွင် ကျွန်တော်တို့သည် အလွန်ဆိုးညစ်ကြကြောင်း၊ သူ၏ကယ်တင်ပေးခြင်းကို အလွန်လိုအပ်နေကြကြောင်း အထူးပြုချင်၍သုံးခြင်းဖြစ်သည်။

ထိုပျက်စီးနေခြင်းကို လုံးလုံးလျားလျားဆိုသည့်စကားစုထပ်ထည့်၍သုံးကြသည့်အခါ၊ ဆိုလိုချက်သုံးခုရှိသည်–

ပထမ၊ လူအားလုံး၊ သခင်ယေရှုမှလွဲ၍၊ ပျက်စီးနေကြသည်၊ ဆိုးညစ်ကြသည် (ဆာလံ ၁၄း ၂၊ ၃)။

ဒုတိယ၊ လူတိုင်း၏ အစိတ်အပိုင်းတိုင်းသည် ပျက်စီးနေကြသည်။ သူတို့၏အမူအကျင့်များသာ ဘုရားသခင့်ရှေ့တွင် ဆိုးညစ်ကြသည်မဟုတ်၊ သူတို့၏အတွေးခေါ်များ(ကမ္ဘာ ၆း၅)၊ သူတို့၏အလိုဆန္ဒများ(သူတို့၏ရွေးချယ်ခြင်း၊ ဆန္ဒရှိခြင်း) (ဖေက် ၂း၃၊ ၄း၂၂)၊ သူတို့၏ စိတ်လှုပ်ရှားခံစားချက်များနှင့် သူတို့၏နှလုံးသားများသည်လည်း (ယေရမိ ၁၇း၉) ဘုရားသခင်၏ရှေ့တွင် ဆိုးညစ်ကြပါသည်။ အလိုဆန္ဒသည်လည်း ပျက်စီးနေကြောင်းကိုသိရခြင်းသည်အထူးအရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်သာမပါလျှင် မည်သူမျှ ကယ်တင်ခြင်းရဖို့ ရွေးချယ်ကြမည် မဟုတ်ကြောင်းကို ဆိုလိုနေသောကြောင့်ဖြစ်သည်။

တတိယ၊ လူသားတို့ပျက်စီးနေခြင်းသည် အစိတ်အပိုင်းအားလုံး၊ ပြည့်ဝစွာပျက်စီးနေခြင်းဖြစ်သည်။ အလိုဆန္ဒ၊ နှလုံးသားနှင့်အခြားကျန်ရှိသမျှတို့ တစ်ချင်းစီသာပျက်စီးနေကြသည်မဟုတ်ပါ၊ အစိတ်အပိုင်းအားလုံးပျက်စီးနေသဖြင့် ကောင်းသောအရာသည် မည်သည့်အစိတ်အပိုင်းတွင်မျှ ရှိမနေတော့ပါ။ ထိုအမှန်တရားကို မကြာခဏ ငြင်းတတ်ကြပါသည်။ လူသားထံတွင် ဆိုးညစ်ခြင်းအမြောက်အမြားရှိနေသော်လည်း၊ အနည်းငယ်ကလေးတော့ ကောင်းခြင်း ကျန်ပါသေးသည်ဟု ပြောတတ်ကြသည်။ "ကျွန်တော်တို့၏အကောင်းဆုံးထဲတွင် ဆိုးခြင်းအနည်းငယ်၊ ကျွန်တော်တို့၏အဆိုးရွားဆုံးထဲတွင် ကောင်းခြင်းတချို့"ဟု ပြောတတ်ကြသည်။ အထူးသဖြင့် လူသား၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ထိုသို့ပြောကြခြင်းဖြစ်သည်။ သူတို့ပြောသည်မှာ၊ လူသည် သူ့ဘာသာတော့ မကယ်တင်နိုင်တော့ပါ၊ သို့သော် ကယ်တင်ခံရခြင်းကိုရွေးချယ်ဖို့တော့ လုံးလောက်သောကောင်းခြင်းရှိပါသည် ဟူ၍ဖြစ်သည်။

လူသားတို့လုပ်ကိုင်ခြင်းများ၌ လူသားတို့အမြင်တွင် ကောင်းမြတ်ခြင်းများရှိပါသည်ဆိုခြင်းကို ကျွန်တော်တို့ မငြင်းပါ။ သို့သော် ဘုရားသခင်က အားလုံးကို ဆိုးညစ်သည်ဟု တရားစီရင်ပါသည်။ သူ့အမြင်တွင် မည်သူမျှ ကောင်းမြတ်ခြင်းကို မလုပ်ကြပါ။ ကောင်းခြင်းလုပ်ဖို့ကိုပင် အလိုမရှိကြပါဟု မြင်တော်မူသည်။ ကျွန်တော်တို့က ဆုံးဖြတ်သည်ထက် ပို၍မြင့်မားသောစံနှုန်းဖြင့် ဘုရားသခင်က ဆုံးဖြတ်တော်မူပါသည်၊ ဘုရားသခင်က ကျွန်တော်တို့လုပ်သမျှသည် သူ့ကိုယုံကြည်ခြင်းဖြင့် သူ၏ဘုန်းတော်ထင်ရှားဖို့ လုပ်ကြရမည်ဟု တောင်းဆိုပါသည်။ ထိုသို့ မဟုတ်လျှင် ဘယ်အပြုအမူမှ ကောင်းခြင်းမဟုတ်ပါ (ရောမ ၁၄း၂၃၊ ၁ကော ၁၀း၃၁)။

လူသားတို့လုပ်သမျှအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကို ဆာလံ ၁၄ ၌ မှတ်တမ်းတင်ထားပါသည်။ ကျမ်းစာတအုပ်လုံးတွင် အစမှအဆုံး ပြန်လည်ကိုးကားသောဆာလံ ထိုတစ်ခုသာရှိပါသည် (ဆာလံ ၅၃)။ ဆာလံ ၁၄ က ဘုရားသခင် ကျွန်တော်တို့ကို မည်သို့စီရင်ကြောင်း ဤသို့ပြောပါသည်၊ "နားလည်သောသူ၊ ဘုရားသခင်ကိုရှာသောသူ တစုံတယောက် ရှိသည်မရှိသည်ကို သိမြင်ခြင်းငှာ ထာဝရဘုရားသည် ကောင်းကင်ပေါ်မှ လူသားတို့ကို ငုံ့၍

ကြည့်တော်မူ၏”(၂)။ သူမည်သို့ဆုံးဖြတ်ပါသနည်း? “လူအပေါင်းတို့သည် လမ်းလွဲကြပြီ၊ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်း ရှိကြ၏၊ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တယောက်မျှမရှိ”(၃)။

ဖေက်ဩဝါဒစာ ၂း၁ က လုံးလုံးလျားလျားပျက်စီးခြင်းဩဝါဒကို ဤသို့အကျဉ်းချုပ်၍ပြောပါသည်၊ “ငါတို့သည်အပြစ်များနှင့် လွန်ကျူးခြင်းများတွင် သေနေကြသည်။” ကျွန်တော်တို့၏အခြေအနေသည် ပို၍ဆိုးဝါးနိုင်ခြင်း မရှိတော့သည့် အခြေအနေဖြစ်သည်။ အပြစ်ထဲတွင်သေနေကြသည်၊ ဝိညာဉ်ရေး၌ အနည်းငယ်ကလေးမျှလှုပ်ရှားနိုင်သည့်အရာ ရှိမနေပါ။ ကျွန်တော်တို့သည် လုံးလုံးလျားလျားပျက်စီးနေကြပါသည်။

ကျေးဇူးတော်ကြောင့် ထိုအမှန်တရားကို သိလာကြသောအခါ၊ ကျွန်တော်တို့သည် သခင်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်ကို မည်မျှလိုအပ်နေကြကြောင်း စတင်၍သိလာကြပါသည်။ ထိုအရာမှလွဲ၍ မည်သည်ကမျှ လုံးလုံးလျားလျားပျက်စီးနေသောအပြစ်သားတို့ကို မကယ်တင်နိုင်ပါ။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

## ကောင်းကင်နိုင်ငံတော် ကြီးထွားလာပုံ
## The Growth of the Kingdom

--၃၁-အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သောမုန်ညင်းစေ့နှင့်တူ၏။- ၃၂-မုန်ညင်းစေ့သည် အစေ့တကာတို့ထက်ငယ်သော်လဲ ကြီးပွားသောအခါ မြက်ပင်တကာတို့ထက်ကြီးသဖြင့်၊ မိုးကောင်းကင်ငှက်တို့သည်လာ၍ အကိုင်းအခက်တို့၌နားနေမှီခိုလောက်သောအပင် ဖြစ်တတ်သည်ဟု မိန့်တော်မူ၏။
--၃၃-အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ မိန်းမသည်တဆေးကိုယူ၍ မုန့်ညက်သုံးတင်း၌ထည့်သဖြင့်၊ မုန့်ညက်ရှိသမျှကို ဖောင်းကြွစေတတ်သည်ဟု မိန့်တော်မူ၏။
(မဿဲ ၁၃း၃၁-၃၃ )

**မိတ်ဆက်စကား**

ကောင်းကင်နိုင်ငံတော်အကြောင်း အခြေခံအုတ်မြစ်ချပေးခြင်းဖြစ်သော ပြီးခဲ့သည့်ပုံဥပမာ(၂)ခုကို ယခုဆက်လက်တင်ပြမည့် နောက်ဆက်တွဲပုံဥပမာများနှင့် သီးသန့်ခွဲခြား၍မရနိုင်ပါ။

၄င်းတို့ကို ခြားနားသောမြေသားအမျိုးမျိုးအကြောင်း ပုံဥပမာ၊ ဂျုံပင်နှင့်ပေါင်းမြက်ပင် ပုံဥပမာတို့နှင့်သီးသန့်ခွဲခြား၍ အနက်ဖွင့်ရန်ကြိုးစားခဲ့ပါလျှင် သခင်ယေရှု၏သွန်သင်လိုရင်းအချက်ကိုလွဲချော်၍ ဟိုဟိုဒီဒီတောလည်ရာထဲဝင်၍ လမ်းလွဲသွားနိုင်ပါသည်။

ရှင်မဿဲခရစ်ဝင် အခန်းကြီး(၁၃)ထဲတွင် မှတ်တမ်းတင်ထားသော ပုံဥပမာအစုအဝေးကြီးတခုလုံးသည် တချိန်ထဲတွင်ဆက်တိုက်ဟောပြောသွန်သင်ခဲ့ခြင်းမျိုးဖြစ်ပြီး၊ သခင်ယေရှုဟောပြောသွန်သင်နေသော ကောင်းကင်နိုင်ငံတော်၏ သွင်ပြင်လက္ခဏာအမျိုးမျိုးကို ဥပမာအမျိုးမျိုးဖြင့် ပုံဆောင်ဖေါ်ပြထားခြင်းဖြစ်သည်။

ဤပုံဥပမာများ၏ ဆက်နွယ်မှုများသည် သူတို့အတွင်းထဲတွင်ပါဝင်နေပြီးသားဖြစ်သည်။ ==ခြားနားသောမြေသားအမျိုးမျိုး++ ပုံဥပမာထဲတွင် နှုတ်ကပတ်တော်ဟောပြောလိုက်ချိန်၌ကြဲဖြန့်လိုက်သောမျိုးစေ့များသည် တပုံစံထဲသောစိတ်နှလုံးများပေါ်သို့ အမြဲတမ်းမကျရောက်နိုင်ကြောင်း ကျွန်တော်တို့သင်ယူခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းအပေါ်တွင် တုံ့ပြန်မှုအမျိုးမျိုးကွဲပြားနေရခြင်းဖြစ်သည်။ ==ဂျုံပင်နှင့်ပေါင်းမြက်ပင်++ ပုံဥပမာထဲတွင် ဆိုးညစ်သောသူများသည် ကောင်းကင်နိုင်ငံတော်ထင်ရှားပေါ်ထွန်းလာချိန်မှစပြီး အချိန်ဟူသည့်အရာကုန်ဆုံးသွားသည့်တိုင်အောင် နိုင်ငံတော်ထဲတွင်ရောနှောပါဝင်နေရမည်ဖြစ်ကြောင်း ကျွန်တော်တို့သင်ယူခဲ့ရပြီးပြီ။ ယခုတဖန် ==မုံညင်းစေ့ပုံဥပမာ++ထဲတွင် ကောင်းကင်နိုင်ငံတော်သည် ပေါ်ထွန်းလာကာစတွင် ထင်ရှားကျော်ကြားခြင်းမရှိခဲ့သော်လည်း တဖြည်းဖြည်းနှင့်အချိန်တန်သောအခါ ကြီးမားသောအပင်ကြီးဖြစ်လာမည်ဖြစ်ကြောင်း ကျွန်တော်တို့ကိုပြောပြနေသည်။ ထို့အတူ ==တဆေးပုံဥပမာ++ ထဲတွင် သခင်ဘုရားက ကောင်းကင်နိုင်ငံတော်၏အတွင်းထဲမှ လှုပ်ရှားနေသောတန်ခိုးတော်သည် ဖုံးကွယ်လျက်ရှိသော်လဲ နောက်ဆုံးတွင် သူပုန်းအောင်းနေရာကမ္ဘာကြီးတခုလုံးကို စိမ့်ဝင်ထိုးဖေါက်ပျံ့နှံ့သွားမည်ဖြစ်ကြောင်းပြောပြထား၏။

ပြီးခဲ့သောပုံဥပမာ(၂)ခုတွင် သခင်ယေရှုကိုယ်တော်တိုင်အသုံးပြုခဲ့သော ရှင်းလင်းဖွင့်ဆိုနည်းများအရ ပြောရမည်ဆိုလျှင် -လယ်ပြင်သည်ဤလောကကြီး၊ သခင်ခရစ်တော်၏နိုင်ငံတော်ပေါ်ထွန်းလျက်ရှိသော ဤလောကကြီး-

ပင်ဖြစ်သည်၊ မျိုးစေ့နှင့်တစေးတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ မုံညင်းပင်သည် သခင်ခရစ်တော် ၏နိုင်ငံတော်ကိုကိုယ်စားပြုနေသော သခင်ခရစ်တော်၏အသင်းတော်ပင်ဖြစ်သည်။ တဆေးနှင့်ကောင်းစွာနယ်၍ ထားသောမုံ့ညက်သည် ပြည့်စုံခြင်းသို့ရောက်သောအသင်းတော် (သို့) ပုဂ္ဂလိကဆန်စွာပြောရလျှင် ပြည့်စုံခြင်းအ ဆင့်သို့ရောက်သွားသော ယုံကြည်သူပင်ဖြစ်၏။

ထို့အတူ ဤပုံဥပမာ(၂)ခုနှင့် ပြီးခဲ့သောပုံဥပမာ(၂)ခုတို့၏ ရည်ရွယ်ချက်များကြားတွင်လဲဆက်နွယ်မှုရှိနေ သည်။ မြေအမျိုးမျိုးပုံဥပမာတွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ကိုကြားရသူတိုင်းအဘယ့်ကြောင့်မယုံကြည်နိုင် ကြရသနည်း ဆိုသည်ကိုကျွန်တော်တို့ (တပည့်တော်တို့)အား သခင်ဘုရားက သွန်သင်ပေးထားသည်။ ပေါင်းမြက် ပင်ပုံဥပမာထဲတွင် အသင်းတော်ထဲမှာ ဆိုးညစ်သောသူတို့နှင့်ယုံကြည်သူတို့ အဘယ့်ကြောင့်နီးကပ်စွာရှိနေရသနည်း ဆိုသည့်အကြောင်းနှင့် ဆိုးညစ်သောသူတို့ ဆက်ရှိနေဦးမည့်အကြောင်းကို သခင်ဘုရားကရှင်းပြထားသည်။ တချိန် ထဲမှာပင် ပေါင်းမြက်ပင်တို့က ဂျုံစပါးပင်တို့ကို ဘယ်တော့မျှထိခိုက်နစ်နာစေမည်မဟုတ်ဟူ၍ အာမခံပေးခြင်းဖြင့် သခင်ဘုရားက သူ၏အသင်းတော်ကိုနှစ်သိမ့်ပေးထားသည်။ယခုလာမည့်ပုံဥပမာ(၂)ခုတွင်တော့ ကောင်းကင်နိုင်ငံ တော်၏သေးကွေးသောအစပြုခြင်းနှင့် မမြင်တွေ့ရဘဲလှုပ်ရှားလှုပ်ဆောင်နေသော တန်ခိုးတော်တို့ကို ကျွန်တော်တို့ ဘယ်တော့မျှစိတ်မပျက်အားမငယ်ကြရန် (သို့) လှောင်ပြောင်သရော်ခြင်းမလုပ်ကြရန် သခင်ဘုရားကသွန်သင်ဆုံးမ နေသည်။ ထိုအချိန်က တပည့်တော်များဤလိုစိတ်ထားရှိနေကြကြောင်း သံသယဖြစ်စရာမလိုပါ။ သူတို့၏စိတ်ကူးပုံ ရိပ်ထဲတွင် ပုံဖေါ်ထားသည့်နိုင်ငံတော်မှာ – ပါလက်စတိုင်းဒေသတခုလုံးအပါအဝင်ဖြစ်သော အစ္စရေးနိုင်ငံ၊ တန်ခိုး အာဏာကြီးမားသော ရှောလမုန်မင်းလက်ထက်တွင်ရှိခဲ့သည့်ဘုန်းတန်ခိုး ကိုမှီနိုင်သည့်နိုင်ငံတော်၊ သခင်ခရစ်တော် ကိုယ်တော်တိုင် ဒါဝိဒ်မင်း၏ပလ္လင်ထက်မှာနန်းထိုင်တော်မူပြီး သူတို့တပည့်တော်များက နိုင်ငံတော် ၏ အဆင့်မြင့်မြို့စားနယ်စားကြီးများအဖြစ်စိုးစံသောနိုင်ငံတော်၊ မျိုးဖြစ်သည်။ သို့သော်ပြဿနာရှိနေသည်မှာ ဂျူး လူမျိုးအများစုကြီးက သခင်ယေရှုအပေါ်မှာမယုံကြည်ကြခြင်းပင်ဖြစ်သည်။ အမှန်စင်စစ် သခင်ဘုရားကို ရန်သူအ ဖြစ် သဘောထားသူများက ပို၍ပို၍တိုးပွားလာနေရာ၊ သူ့အသက်အန္တရာယ်ကိုပင်စိုးရိမ်နေရချိန်ဖြစ်သည်။ နိုင်ငံ တော်တည်ထောင်နိုင်ဖို့အရေး အလွန်ဝေးကွာနေသေးပုံပေါက်နေရုံမျှမက မဖြစ်နိုင်သလောက်အခြေအနေ ရှိနေချိန် ဖြစ်သည်။ မကြာခဏဆိုသလိုပင် တပည့်တော်များစိတ်မရှည်နိုင်ကြတော့ဘဲ အချိန်တအားနောက်မကျသွားခင်မှာ လုပ် သင့်သောအရာကို သူတို့ကိုယ်တိုင်ဝင်လုပ်ပစ်လိုက်ကြဖို့ ဖြားယောင်းသွေးဆောင်ခြင်းခံနေကြရချိန်ဖြစ်သည်။

သို့ပေမဲ့ယခုအခါမှာ သခင်ဘုရားကသူ၏တပည့်တော်များ (ကျွန်တော်တို့အပါအဝင်)ကို– ကောင်းကင်နိုင်ငံ တော်သည်မထင်မရှားအစပျိုးခြင်းရှိနေသော်လည်း၊ မမြင်တွေ့နိုင်ဘဲလှုပ်ရှားလှုပ်ဆောင်နေရသော်လည်း၊ နိုင်ငံ တော်၌ကြီးမားသောတိုးတက်ဖွံ့ဖြိုးနိုင်စွမ်းနှင့် ဘုန်းတန်ခိုးပြည့်ဝသောနိဂုံးတို့ရှိနေကြောင်း သင်ပေးနေပါပြီ။ ဤအ ကြောင်းကို အသင်းတော်သည်အမြဲသတိရနေရမည်၊ သို့မဟုတ်ပါက နိုင်ငံတော်တည်ထောင်နိုင်ဖို့အရေး အပြစ်သား များ၏ ကြိုးစားအားထုတ်မှုများကို အကူအညီယူလိုစိတ်ဖြင့် ဖြားယောင်းသွေးဆောင်ခြင်းခံရလိမ့်မည်ဖြစ်သည်။

## မထင်မရှားအစပျိုးခြင်း

ပုံဥပမာထဲသို့ ကျွန်တော်တို့အသေးစိတ်လေ့လာခြင်းနှင့် အပြုသဘောဆောင်သောအဓိပ္ပါယ်များကိုအသေး စိတ်ဖေါ်ထုတ်ဖို့ ကြိုးစားခြင်းမပြုကြခင်မှာ သမ္မာကျမ်းအနက်ဖွင့်သောသူများ၏ အနက်ဖွင့်ပုံတချို့တလေကို အရင် ဆွေးနွေးစဉ်းစားခြင်းပြုကြလျှင် ပို၍ကောင်းမည်ဖြစ်၏။ ထိုအနက်ဖွင့်ခြင်းများသည် ယနေ့ခေတ်တွင် နိုင်ငံတော်၏ ကြွန်အင်လက္ခဏာများအပေါ် သိသိသာသာတလွဲတချော်နားလည်ခြင်းများကို ဖြစ်ပေါ်စေကြသောကြောင့်ဖြစ်သည်။

သူတို့၏အနက်ဖွင့်ပုံတခုမှာ –ဘုရားသခင်၏နိုင်ငံတော်သည် လူ့သမိုင်းစဉ်တလျှောက် တိုးပွားခြင်းရှိသွား မည်ဖြစ်ပြီး နောက်ဆုံးတွင် ကမ္ဘာကြီးတခုလုံးကိုလွှမ်းမိုးသွားလိမ့်မည် ဟူ၍ဖြစ်၏။ ဤအကြောင်းအရာကို ပုံစံကွဲဖွင့် ဆိုချက်များစွာရှိနေကြပေမဲ့ အခြေခံကတော့တခုထဲဖြစ်ကြ၏။ ပို့စ်မီလီနီးယမ်းဝါဒီများက အဓိကသွန်သင်ကြ၏။ သို့ သော် ရှေးရိုးစွဲပို့စ်မီလီနီးယမ်းဝါဒီဘဲဖြစ်ဖြစ်၊ အကုန်လက်ခံသူလစ်ဘရယ်ဝါဒီဘဲဖြစ်ဖြစ်၊ အသစ်အဆန်းဦးစားပေးသူ မော်ဒန်ဝါဒီဘဲဖြစ်ဖြစ်– အခြေခံအိုင်ဒီယာကတော့အတူတူဘဲဖြစ်၏။ သူတို့အားလုံးက နိုင်ငံတော်သည်သခင်ယေရှု နှင့်သူ၏တပည့်တော်များလက်ထက်မှာ သေးငယ်သောအစပျိုးခြင်းနှင့် စတင်ခဲ့ကြောင်းပုံဖေါ်ပြကြ၏။ တကယ်တမ်း မှာလဲ သခင်ယေရှု၏–ဤမြေကြီးပေါ်အမှုတော်–ပြီးဆုံးသွားချိန်တွင်ဓမ္မသစ်ခေတ်အသင်းတော်အသစ်ကလေးမှာ အ သင်းသား(၁၂၀)သာရှိနေခဲ့၏။ ထိုကဲ့သို့သေးငယ်သောအစပျိုးခြင်းရှိခဲ့ပေမဲ့ ပင်တီကောစ်နေ့နောက်ပိုင်းမှစ၍ နိုင်ငံ တော်သည် ခွန်အားကြီးမားစွာကြီးထွားလာခဲ့သည်။ သူမ၏သမိုင်းတလျှောက်မှာ အောင်ပွဲတခုပြီးတခုထပ်ဆင့်၍

အောင်ပွဲခံခဲ့သည်။ ပထမဆုံး–ပါလက်စတိုင်းနှင့်ဆီးရီးယားနယ်မှာ၊ ထို့နောက်အာရှမိုင်းနားနှင့်ဂရိနယ်မှာ၊ ထို့နောက် ဥရောပနှင့်အမေရိကားတိုက်များအထိ၊ နောက်ဆုံးကမ္ဘာမြေအဆုံးတိုင်အောင်– အောင်ပွဲခံလျက်ရှိ၏။ သူမသည်နယ်မြေချဲ့ထွင်ရင်းနှင့် အင်အားကြီးထွားလာခဲ့၏၊ လူဦးရေတိုးပွားလာ၏၊ အရှိန်အဟုန်ရသထက်ရလာ၏။ ပို၍ပို၍ကြီးမားသောအောင်ပွဲကြီးများကို –ကမ္ဘာကြီးတခုလုံး ဘုရားသခင်၏အသိပညာတော်ဖြင့်ပြည့်စေသည့်အချိန်မရောက်မချင်း– ရရှိလာခဲ့၏။ ဤရှုထောင့်ကို အစွန်းရောက်သောသွန်သင်ချက်ဖြင့် သွန်သင်ကြသူခေတ်သစ်ဝါဒီအားလုံးက–ခရစ်ယာန်လူ့ဘောင်၏ဝိညာဉ်သည် ဤကမ္ဘာပေါ်မှာအောင်ပွဲအလီလီရရှိပြီး ချဲ့တက်ချဲ့ထွင်ရင်းနှင့် ကမ္ဘာတခုလုံးရှိသက်ရှိအားလုံးကို –လူမှုရေး၊နိုင်ငံရေး– ဘက်ပေါင်းစုံမှစိမ့်ဝင်လွှမ်းမိုးသွားလိမ့်မည်။ ဤဝိညာဉ်က–မိသားစု၊ကျောင်း၊ဈေး–စသော ယေဘုယျလူ့အဖွဲ့အစည်းအားလုံး၊ တိုင်းနိုင်ငံများနှင့်ကမ္ဘာကြီးတခုလုံးကို သခင်ခရစ်တော်၏ အမှုတော်အောက်၌ခေါင်းငုံ့ဝန်ခံလာကြသည်အထိ ပြောင်းလဲပေးသွားလိမ့်မည်။ တဖြည်းဖြည်းနှင့်အရာခပ်သိမ်းသည် သူတို့၏အရှင် သခင်ခရစ်တော်၏အုပ်စိုးမှုကိုဝန်ခံလာကြပြီး ဤလောကီနိုင်ငံအားလုံး ဘုရားသခင်နှင့်သူ၏ခရစ်တော်၏ နိုင်ငံများအဖြစ်သို့ ပြောင်းလဲလာကြလိမ့်မည်။ ထိုအခါ ကောင်းကင်နိုင်ငံတော်သည် ဤကမ္ဘာပေါ်မှာလက်တွေ့ထူထောင်ပြီးဖြစ်သွားလိမ့်မည်– ဟုသွန်သင်ကြ၏။

အထက်ပါအတွေးအခေါ်မျိုးက ယနေ့အသင်းတော်၏တွေးခေါ်ခြင်းထဲသို့ အသေးစိတ်နက်ရှိုင်းစွာထိုးဖေါက်ဝင်ရောက်ပြီးဖြစ်နေကြောင်းကို ထိတ်လန့်ဘွယ်ရာမြင်တွေ့နေရသည်။ ယနေ့ခေတ်အသင်းတော်များသည် တမင်သက်သက်ဖြစ်စေ၊ မှားယွင်းလုပ်ဆောင်မိခြင်းကြောင့်ဖြစ်စေ– ဤကမ္ဘာကြီးကို နေထိုင်ဖို့ပို၍ကောင်းမွန်သောနေရာဖြစ်အောင်လုပ်ဆောင်ဖို့ အမြဲတမ်းကြိုးစားနေလေ့ရှိကြသည်။ လူသားအားလုံးသမ္မာတရားသိသူမဖြစ်မခြင်း၊ ဘဝ ၏အခန်းကဏ္ဍအားလုံးကို ခရစ်ယာန်အတွေးအခေါ်ကတွေ့ထိမှုမရှိမခြင်း၊ ကျယ်ပြန့်လှသောကမ္ဘာလုံးကြီး၏ချောင် ကြိုချောင်ကြားမကျန်အောင် ခရစ်တော်အားအရှင်သခင်အဖြစ်မခံမယူမချင်း အသင်းတော်သည်မရပ်မနားလုပ် ဆောင်သွားတော့မည့်ပုံပေါ်နေပါသည်။

သို့သော် ဤရှုထောင့်သည် အန္တရာယ်ကြီးသလောက်မှားယွင်းနေသော ရှုထောင့်ဖြစ်နေ၏။

ဤပုံဥပမာအပြီးတွင်ဆက်လက်သွန်သင်ပေးသော ပုံဥပမာများတွင် သခင်ယေရှုက အထက်ပါရှုထောင့်နှင့်တိုက်ရိုက်ဆန့်ကျင်ဖက်သွန်သင်ပေးနေသည်။ နှုတ်ကပတ်တော်မျိုးစေ့သည် ကောင်းသောမြေကြီးပေါ်မှာကြီးဘဲ အမြဲတမ်းကျရောက်နေသည်မဟုတ်ပါ။ ထို့အတူဤသို့ဖြစ်စေရန်အတွက် အချုပ်အချာအာဏာပိုင်ရှင်ပိုင်ရှင် မျိုးကြဲသူက အတိအကျရည်ရွယ်ထားခြင်းဖြစ်သည်။ ရှေ့ဆက်ပြောရလျှင် ဂျုံပင်တို့အလယ်မှာပေါင်းမြက်ပင်တို့သည် ကပ်ကမ္ဘာကုန်သည့်အချိန်အထိ အမြဲတမ်းဆက်ရှိနေမည်ဖြစ်၏။ သူတို့သည်ဂျုံပင်များကိုမထိခိုက်နိုင်သော်လည်းတရားစီရင်ရာကာလတိုင်အောင် ဆက်ရှိနေမည်ဖြစ်၏။ ပို့စ်မီလီနီးယမ်းဝါဒီတို့က ခံယူသလိုမျိုး –မူလပထမအသင်းတော်သည် ယနေ့ခေတ်အသင်းတော်ဖြစ်လာမည့်မျိုးစေ့ဖြစ်သည်– ဟူသောအတွေးအခေါ်သည်လဲမမှန်ကန်ပါ။ဝမ်းမြောက်ဘွယ်ရာ သတင်းကောင်းဟောပြောခြင်းသည်သာ မျိုးစေ့အစစ်အမှန်ဖြစ်၏။

ဤနေရာတွင် နှုတ်ကပတ်တော်က ဘုရားသခင်၏နိုင်ငံတော်အကြောင်းရှုထောင့်သစ်တခုကို ထပ်မံပေးအပ်နေသည်။ နှုတ်ကပတ်တော်က ဘုရားသခင်၏နိုင်ငံတော်သည် ဤမြေကြီးပေါ်ဝယ် ကြီးထွားသထက်ကြီးထွားလာမည်မဟုတ်ဘဲ အရွယ်အစားသေးသထက်သေးသွားမည်ဟုပြောပြနေ၏။ ယုံကြည်ခြင်းမှဝေးသထက်ဝေးကွာသွားမည်။ ဆုတ်ယုတ်လျော့ပါးခြင်း မှန်မှန်ကြီးရှိနေမည်။ နောက်ဆုံးသောအချိန်မရောက်ခင်မှာ ယုံကြည်ခြင်းကိုစွန့်လွှတ်ခြင်း၊ အယူဝါဒစွန့်ပယ်ခြင်းများကြီးမားစွာကျရောက်လာမည်ဟု ကျွန်တော်တို့ကိုသတိပေးထားသည်။ သခင်ဘုရားကြွမလာမီတွင် အောက်ဖက်ကမ္ဘာမှာ နိုင်ငံတော်ဟူ၍ မကျန်တော့သလောက်ထိအောင်ဖြစ်နေမည်။ ကမ္ဘာကြီးသည် တဖြည်းဖြည်းနှင့် ခရစ်ယာန်ဖြစ်သွားလိမ့်မည်မဟုတ်ဘဲ မှားယွင်းသောအယူဝါဒနှင့် မှားယွင်းသောယဉ်ကျေးမှုဆီသို့ ပြောင်းလဲသွားမည်ဖြစ်သည်။ ဤလောကသည် လောကီဒဿနနှင့်လူ့ဘောင်တိုးတက်မှု အခန်းကဏ္ဍများတွင်သာတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်၏။ လောကသည်စာတန်၏သံဆူးတပ်ကြိမ်လုံးဖြင့်မောင်းနှင်ခြင်းအောက်တွင် အန္တိခရစ်(ခရစ်တော်၏ရန်သူ) နိုင်ငံတော်ဖြစ်သည့်တိုင်အောင်၊ ဘုရားသခင်ကိုမုန်းတီးသော၊ ပုန်ကန်ဆန့်ကျင်သော–ဝိညာဉ် လုံးဝဥဿုံ စိမ့်ဝင်ပျံ့နှံ့သွားသည့်တိုင်အောင်– တိုးတက်ဖွံ့ဖြိုးလာလိမ့်မည်ဖြစ်၏။

ဤစကားကို အမြဲနှလုံးသွင်းထားပါ။ ဤကမ္ဘာကြီးကို ခရစ်ယာန်ကမ္ဘာကြီးအဖြစ်သို့ ပြောင်းလဲပစ်ဖို့ကြိုးစားရန်ကြံရွယ်သောသူများစွာသည် တဖြည်းဖြည်းနှင့်သခင်ခရစ်တော်၏ပန်းတိုင်နှင့်လွဲချော်သွားပြီး အမိုက်မှောင်နိုင်ငံတော်ထူထောင်နေသော အန္တိခရစ်၏ရည်ရွယ်ချက်အတိုင်း လိုက်လုပ်မိရက်သားဖြစ်နေတတ်ကြောင်း တွေ့ရမြဲဖြစ် ၏။ အလွန်နောက်ကျသွားချိန်ကျမှဘဲ သူတို့သည်သူတို့၏အတ္တရည်ရွယ်ချက်အတွက်၊ သူတို့လိုချင်သောနိဂုံးပန်းတိုင် ရရှိရေးအတွက် လုပ်ဆောင်မိနေကြောင်းသဘောပေါက်လာတတ်ကြ၏။

ပို့စ်မီလီနီးယမ်ဝါဒီများ၏သီချင်းများက ဖြားယောင်းသွေးဆောင်ခံရသူများသည် ဘုရားသခင်နှင့်ခရစ်တော်တို့နှင့် ထိပ်တိုက်ရင်ဆိုင်သောရည်မှန်းချက်များ ကိုခွဲလမ်းသွားတတ်ကြ၏။

ဤပုံဥပမာကို နောက်တမျိုးမှားယွင်းစွာအဓိပ္ပါယ်ဖွင့်ကြပုံမှာ မုံညင်းစေ့ (အထူးသဖြင့်)တဆေးတို့သည် မှားယွင်းသောသွန်သင်ချက်များကို ကိုယ်စားပြုနေကြသည် ဟုဆိုခြင်းဖြစ်၏။ ဤအနက်ဖွင့်ချက်သည် ပရီမီလီနီး ယမ်းဝါဒကိုခွဲလမ်းနေသူတို့ အကြိုက်တွေ့သောအနက်ဖွင့်ခြင်းမျိုးဖြစ်၏။ မိန်းမကို မှားယွင်းသောအသင်းတော်၊ (အ ထူးသဖြင့်) ရိုမင်ကက်သလစ်အသင်းတော် အဖြစ်အနက်ဖွင့်ကြ၏။ တဆေးကိုတော့ မှားယွင်းသောသွန်သင်ချက် အ ဖြစ်အနက်ဖွင့်ကြ၏။ ကမ္ဘာကြီးသည် ကိုယ်ကျင့်တရားပျက်ပြားခြင်းဖြင့် လုံးဝဥဿုံဖုံးလွှမ်းသွားလိမ့်မည် ဟုအနက် ဖွင့်ကြ၏။ ဤရှုထောင့်တွင် မှန်ကန်မှုတချို့ပါဝင်နေသည်မှန်သော်လည်း၊ ယခုလေ့လာနေသောပုံဥပမာအတွက် မှန်ကန်သောအနက်ဖွင့်ခြင်းဘယ်လိုမျှမဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားကိုယ်တိုင်က ရှင်းလင်းစွာဖြင့်–– ကောင်းကင်နိုင်ငံတော်သည် မုံညင်းစေ့နှင့်တူ၏။ ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏–– ဟူ၍မိန့်ကြားခဲ့သောကြောင့်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သည် ထိုသူများပြောသလို မှားယွင်းသောသွန်သင်ချက် (သို့) ဝိညာဉ်ရေးရာခြစားခြင်း– စသည်တို့နှင့် မည်သို့ပတ်သက်နိုင်ကြောင်းကို စဉ်းစား၍ပင်မရနိုင်ပါချေ။

ထို့သို့ဖြစ်သောကြောင့် မုန်ညင်းစေ့သည်ဘုရားသခင်၏နှုတ်ကပတ်တော်မျိုးစေ့ဖြစ်သည်ဟု ကျွန်တော်တို့ အပြုသဘောဆောင်စွာဖြင့် အတည်ပြုလက်ခံကြရမည်။ ဤသို့အတည်ပြုဖို့ရန် လုံ့လုံ့ခြုံစိတ်ချဘွယ်ကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် ဤသို့အတည်ပြုခြင်းသည် သခင်ခရစ်တော်ဟောပြောခဲ့ပြီးသော ပုံဥပမာနှင့်လိုက်လျောညီထွေဖြစ်နေယုံမျှသာမကပါ၊ နှုတ်ကပတ်တော်အားမျိုးစေ့အဖြစ် အကြိမ်ကြိမ်နှိုင်းယှဉ်ပေါ်ပြခြင်းပြုနေသော သမ္မာကျမ်းစာတစ်ခုလုံးနှင့်လဲ လိုက်လျောညီထွေဖြစ်လျက်ရှိပါ၏။ မျိုးစေ့ဟူသည် သခင်ခရစ်တော်က သူ၏အသင်းတော်နှင့်သူကိုယ်တိုင်အကြား ဆက်နွယ်ပတ်သက်နေပုံကို ကိုယ်တိုင်ဟောပြောထားသော ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းပင်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ထားရပါမည်။

ဤဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ အသက်ရှင်သောနှုတ်ကပတ်တော်သည် ကောင်းကင်နိုင်ငံတော် ၏ ဝိညာဉ်ရေးရာတန်ခိုးအာဏာပင်ဖြစ်၏။ ဤနိုင်ငံတော်သည် မြေကြီးနှင့်ဆိုင်သောနိုင်ငံတော်မဟုတ်သောကြောင့် ဤမြေကြီးပေါ်မှာဘယ်တော့မျှအခြေမစိုက်နိုင်ပါ။ ဤနိုင်ငံတော်သည် အထက်အရပ်မှလာ၏၊ ဝိညာဉ်ရေးရာဖြစ် သော၊ ကောင်းကင်နှင့်ဆိုင်သော– နိုင်ငံတော်ဖြစ်၏။ ထို့ကြောင့် ဤနိုင်ငံတော်၏တန်ခိုးအာဏာသည် လူတို့၏ခွန် အား၊ လုပ်ဆောင်နိုင်စွမ်းတို့မှ ရရှိခြင်းမဟုတ်ဘဲ၊ သခင်ယေရှု၏ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်၏ အမှုတော် ဆောင်ခြင်း တို့မှရရှိခြင်းဖြစ်၏။ ခရစ်တော်သည် ကောင်းကင်ဘုံတွင် စိုးမြင့်မြောက်စားခြင်းကို ခံယူခဲ့ပြီးဖြစ်၏။ လုပ်ပိုင်ခွင့်တန်ခိုးအာဏာမှန်သမျှကို သူတဦးထဲ၏ လက်ထဲသို့ အပ်နှင်းပေးလိုက်ပြီဖြစ်သောကြောင့် ခမည်းတော်ဘု ရား၏ဖန်ဆင်းသမျှအရာအားလုံးအပေါ်မှာ အချုပ်အချာအာဏာပိုင်စိုးစွာ အုပ်ချုပ်မင်းလုပ်နေပြီဖြစ်၏။ သခင်ဘု ရားသည် သူ၏ကောင်းကင်နိုင်ငံတော် လက်တွေ့အကောင်အထည်ပေါ်လာစေဖို့ ဦးတည်လျက်အုပ်ချုပ်မင်းလုပ်နေ ခြင်းဖြစ်၏။ ဤသို့ဖြစ်နိုင်ရေးအတွက် သခင်ခရစ်တော်သည် သူ၏ကိုယ်ပိုင်တန်ခိုးစွမ်းအားများကို သူ၏နှုတ်ကပတ် တော်မှတဆင့်ထုတ်ပေါ်ခြင်းအားဖြင့် လုပ်ဆောင်နေ၏။ သူ့လူများ၏နှလုံးသားများထဲတွင်ရှိနေသော သူ၏နှုတ်က ပတ်တော်၏ ဝိညာဉ်တန်ခိုးအားဖြင့်လုပ်ဆောင်လျက်ရှိ၏။

နိုင်ငံတော်၏ဝိညာဉ်ရေးရာတန်ခိုးစွမ်းအားသည် အတော်မထင်မရှားသည့်အစပျိုးခြင်း ရှိခဲ့တာမှန်ပါ၏။ ဤသို့ သတိမထားမိလောက်စရာအစပျိုးခြင်းသည် လောကီသားတို့၏ရည်မှန်းချက်ကြီးစွာဖြင့်ကြိုးစားအားထုတ်တတ်ကြခြင်းနှင့် မတူကွဲပြားခြားနားကြောင်းသိသာထင်ရှားအောင် နှိုင်းယှဉ်ပြထားပါ၏။ သခင်ဘုရား၏တပည့်တော်များသည် လောကီနိုင်ငံတော်ကြီးတခုတည်ထောင်နိုင်ရန်အတွက် မဓောနိုင်မပန်းနိုင်ကြိုးစားနေခဲ့ကြသည်။ သူတို့၏သခင်ဖြစ်သူက ဒါဝိဒ်၏သားတော်အဖြစ်နှင့်ဂျူးအမျိုးသားထုကြီးတရပ်လုံးကိုအုပ်ချုပ်မင်းလုပ်စေဖို့မျှော်လင့်နေကြသည်။ ဤပန်းတိုင်သို့ရောက်နိုင်ရန်အတွက် သူတို့လုပ်နိုင်တာမှန်သမျှလုပ်ပစ်ကြဖို့အသင့်ရှိနေကြသည်။ သူတို့သည် သခင်ယေရှုနှင့်လူထုပရိသတ်အကြားမှာ အပြန်အလှန်အသိအမှတ်ပြုခြင်း၊ လက်ခံခြင်းရှိကြဖို့ စည်းရုံးလှုံ့ဆော်ကြရန် အသင့်ရှိနေကြသည်။ နောက်ဆုံးလိုအပ်လာလျှင် လက်နက်ကိုင်၍တိုက်ပွဲဝင်ဖို့ရန်လဲ အသင့်ပြင်ဆင်ထားခဲ့ကြသည်။ လက်တွေ့အားဖြင့် ခေတ်အဆက်ဆက်သာပြောင်းသွားခဲ့သော်လည်း လူသားတို့၏စိတ်ထားပြောင်းလဲမှု အနည်းငယ်မျှသာရှိကြောင်းတွေ့ရသည်။ ယနေ့ခေတ်လူသားတို့သည်လဲ ဤမြေပေါ်မှာ ကောင်းကင်ဘုံ၊ သုခဘုံ– ထူထောင်နိုင်ရန်အတွက်ရည်မှန်းချက်ထား၍ ကြီးကျယ်သောစီမံကိန်းများကို အင်တိုက်အားတိုက်အကောင်အ

ထည်ပေါ်ဆောင်လျက်ရှိနေကြသည်။ သူတို့အမြတ်တနိုးထားသော ရည်မှန်းချက်သို့ရောက်နိုင်ဖို့အတွက် –နိုင်ငံပေါင်းချုပ်အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့၊ဥရောပသမဂ္ဂအဖွဲ့–စသည်တို့ကို ဖွဲ့စည်းကြသည်။ သူတို့ရည်မှန်းချက်ရောက်နိုင်ဖို့ အစွမ်းထက်မြက်သော စစ်ယန္တရားကြီးများကို ထုတ်သုံးဖို့အသင့်ရှိနေကြသည်။ သူတို့၏လုပ်ဆောင်ချက်အားလုံးသည် –ဘဝသက်သာ ချောင်ချိမှုရှိရေး၊ ရောဂါအားလုံးတိုက်ဖျက်ပစ်ရေး၊ ဒုက္ခဆင်းရဲအမျိုးမျိုး –သေခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်မသာညည်း တွားခြင်း–အားလုံးကိုတိုက်ဖျက်ပစ်နိုင်ရေး၊ ထိုသို့အားဖြင့် ဘုရားသခင်၏ကောင်းကင်ဘုံကို ကမ္ဘာကြီးက မလိုအပ်တော့သောအခြေအနေသို့ရောက်ရှိနိုင်ဖို့အရေး– လုပ်ဆောင်နေကြခြင်းပင်ဖြစ်၏။ သူတို့က လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍအားလုံးကို သခင်ခရစ်တော်၏အုပ်စိုးမှုအောက်သို့ယူဆောင်လာရမည်၊ ဤပန်းတိုင်သို့ ရောက်နိုင်ဖို့အတွက် လုပ်စရာလိုသောအရာမှန်သမျှလုပ်ဆောင်ကြရမည် ဟုပြောဆိုကြသည်။

အသင်းတော်သည်လဲ ခရစ်ယာန်ယဉ်ကျေးမှုလူ့ဘောင်ထူထောင်ရာတွင် ပို၍အောင်မြင်ထမြောက်နိုင်ရန် အတွက်ဆိုပြီး တန်ခိုးအာဏာသုံး၍အစမ့်လုပ်ဆောင်ခြင်း မကြာခဏပြုတတ်ကြသည်။ အသင်းတော်သည် သူမ၏ ပန်းတိုင်ရောက်ရှိနိုင်ဖို့ နိုင်ငံရေးတန်ခိုးအာဏာကို အသုံးပြုရန် လွယ်ကူစွာသွေးဆောင်ခြင်းခံရတတ်သည်။ နိုင်ငံရေး ကျားကွက်၊ ကြွေးကြော်သံ၊ ဆန္ဒပြပွဲ၊ အင်အားသုံးခြင်း– အားလုံးသည် ကမ္ဘာလုံးဆိုင်ရာဖြောင့်မတ်ခြင်းနိုင်ငံတော်ကြီးတည်ထောင်ရေးပန်းတိုင်ရောက်ဖို့ကျင့်သုံးရမည့် တရားဝင်လက်နက်များအဖြစ်ခံယူထားကြပါသည်။

သူတို့အမြင်မှာ အချုပ်အချာအာဏာပိုင်သူ သခင်ဘုရား၏ ဟိုနေရာနဲ့နဲ၊ ဒီနေရာနဲ့နဲ ကြဲချနေသော ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းနှုတ်ကပတ်တော်မျိုးစေ့သည် အဘယ်မျှလောက် မထင်မရှားအထင်သေးဘွယ်ဖြစ်နေပါသနည်း။ သခင်ခရစ်တော် လူ့လောကထဲဝင်ရောက်လာပုံသည်လဲ ဤနည်းလမ်းအတိုင်းပင်ဖြစ်သည်။ သူ့ကိုဘယ်သူမှသတိမထားမိနိုင်စရာ နွားစားခွက်ထဲမှာဖွားမြင်ခြင်းခံတော်မူခဲ့သည်။ သူ၏အသက် (၃၃) နှစ်ကာလအတွင်းမှာ သုံးနှစ်ခွဲခန့်သာ တရားဒေသနာဟောပြောနိုင်ခဲ့သည်။ သူသည် နိုင်ငံတော်၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ဟောပြောခြင်း၊ တန်ခိုးနိမိတ်လက္ခဏာလုပ်ဆောင်ခြင်း–တို့ကိုလဲလုပ်ဆောင်ခဲ့သည်။ သို့သော်သူ၏သာသနာတော်ကို ကမ္ဘာကြီး၏ မထင်ရှားသော၊ သေးငယ်သော–အစိတ်အပိုင်းကလေးအတွင်းမှာသာ အကန့်အသတ်နှင့်ဟောပြောခဲ့သည်။ သခင်ဘုရားသည် ကမ္ဘာ့ဩဇာအာဏာဗဟိုချက်ဖြစ်သော ရောမမြို့တော်သို့သွား၍သာသနာပြုခြင်းဖြင့် ဩဇာအာဏာလွှမ်းမိုးစေရန်လုပ်ဆောင်ခြင်းမပြုခဲ့ပါ။ သူသည် သေးငယ်၊ လူအထင်သေး၊ မုန်းတီးရွံရှာ–ခြင်းခံရသောပါလက်စတိုင်းနယ်သို့သာ သွားရောက်ခဲ့သည်။ သခင်ဘုရားသည် အသက်တာပြောင်းလဲသူအနည်းငယ်သာရရှိခဲ့ပြီး ထိုသူတို့မှာလဲ– အဆင့်နိမ့်၊အနှိမ်ခံ၊ကျောင်းမနေ၊ စာမတတ်– သူတို့သာဖြစ်ခဲ့ကြသည်။ နိုင်ငံရေးသမားများနှင့် ပြည့်တန်ဆာမများသည် သူ့အပေါင်းအသင်းများဖြစ်ခဲ့ကြသည်။ အထက်တန်းစားတန်ခိုးအာဏာရှင်၊ ခေါင်းဆောင်များ၊ မင်းညီမင်းသားများ–က သူ့ကိုအထင်သေးစွာဆက်ဆံခဲ့ကြသည်။ အဆုံးမှာတော့ ရက်စက်စွာ၊ နာကျင်စွာ– လက်ဝါးကပ်တိုင်တင်သတ်ခြင်းကိုခံယူခဲ့သည်။ သူ၏လူမျိုးအရင်းအချာတို့အလည်မှ နှုတ်ပယ်ပစ်ခြင်းခံခဲ့ရသည်။ နိဂုံးချုပ်လိုက်တော့ သာမန်လူ(၁၂၀)သာလျှင် သူ၏လက်ကျန်အသင်းသားအဖြစ် ကျန်နေခဲ့ကြ၏။

အမြဲတမ်း ဤသို့ပင်ဖြစ်နေသည်မဟုတ်ပါလား? မုန်းတီးခြင်း၊ အထင်သေးခြင်း၊ ပြစ်တင်ရှုံ့ချခြင်း– ၏အမှတ်အသားဖြစ်သော လက်ဝါးကပ်တိုင်နှင့် သိသာထင်ရှားစွာရှုံးနိမ့်သောသူတဦးသည် ထိမိ၍လဲစရာကျောက်၊ ဆန့်ကျင် တိုက်လှန်ရာကျောက်–အမြဲဖြစ်နေခဲ့သည်မဟုတ်ပါလား? ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ဟိုနားတကွက်၊ ဒီနားတကွက်ဟောပြောခြင်းရှိပြီး လက်တဆုပ်စာလူတစုလောက်ကသာ ထိုသတင်းကောင်းကို လက်ခံယုံကြည်ကြခြင်းမျိုး အမြဲတမ်းဖြစ်ပေါ်နေသည်မဟုတ်ပါလား? အမိုက်မှောင်တန်ခိုးအာဏာစက်တို့ သိသာစွာကြီးထွားလာနေကြပြီး၊ ခရစ်တော်၏အမှုတော်မြတ်သည် အဆက်မပြတ်ဆုတ်ယုတ်လျက် ရှုံးနိမ့်ခြင်းဆီသို့ ဦးတည်နေချိန်မျိုးမှာ ဤကဲ့သို့ ဟိုနားနဲ့နဲ၊ ဒီနားနဲ့နဲ– မျိုးစေ့ကြဲခြင်းမျှလောက်ဖြင့် နိုင်ငံတော်တည်ထောင်ဖို့ လုံလောက်ပါ့မလား? လူသားတို့၏စံနှုန်းအရဆိုလျှင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ပို၍တန်ခိုးကြီးမလာပါ။ ဆန့်ကျင်ဖက်အခြေအနေကသာအမှန် တရားဖြစ်နေပါ၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ဆက်တိုက်–ခြစားခြင်း၊ ယိုယွင်းခြင်း၊ အဆိပ်သင့်ခြင်း၊ မုသာတရားသို့ပြောင်းပစ်ခြင်း– ခံစားနေရပါ၏။ တဖြည်းဖြည်းနှင့် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် အသံမကြားနိုင်လောက်သည့်အခြေအနေအထိ တိုးတိတ်သွားနေ၏။ အသင်းတော်ပြန်လည်ပြုပြင်ရေး စတင်ခါနီးအချိန်တွင် ဤအခြေနေဆိုက်နေခဲ့၏။ ယခုကပ်ကာလအဆုံးမှာလဲ ဤသို့ပင်ဖြစ်လာလိမ့်ဦးမည်။ ဤဖြစ်စဉ်များအကြားမှာ အသင်းတော်သည် သေးငယ်စွာဆက်ရှိနေမည်ဖြစ်၏။ ဤသို့သေးငယ်သောမျိုးစေ့ကလေးက နိုင်ငံတော်ကြီးတည်ထောင်နိုင်ပါ့မည်လော ဟူ၍စိုးရိမ်ပူပန်ဘွယ်ရာရှိနေပါ၏။ (ရှေ့အပတ်ဆက်ရန်)

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

××××××××××××××××××××××××××××××××××××××××××××××××××

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၁)

## ၈း၇–၁၂

၇ – ပဌမသူသည် တံပိုးမှုတ်သောအခါ မိုးသီးဖြစ်၏။ အသွေးနှင့်ရောနှောသောမီးလည်းဖြစ်၏။ မြေကြီးပေါ်သို့ချလိုက်၍၊ မြေသုံးစုတစု၊ စိမ်းသော မြက်ပင်ရှိသမျှတို့ကို ကျွမ်းလောင်လေ၏။ ၈ – ဒုတိယကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ မီးလောင်သောတောင်ကြီးကို ပင်လယ်ထဲသို့ ချ လိုက်သကဲ့သို့ဖြစ်၍၊ ပင်လယ်သုံးစုတစုသည် အသွေးဖြစ်၏။ ၉ – ပင်လယ်၌အသက်ရှင်သော သတ္တဝါသုံးစုတစုလည်း သေ၏။ သင်္ဘော သုံးစုတစု လည်း ပျက်၏။ ၁၀ – တတိယ ကောင်းကင်တမန်သည် တံပိုးကို မှုတ်သောအခါ မီးခွက်ကဲ့သို့ ထွန်းတောက်သော ကြယ်ကြီးသည် ကောင်းကင်ကကျ၍၊ မြစ်သုံးစုတစုသို့၎င်း၊ စမ်းရေတွင်းသို့၎င်း ရောက်၏။ ၁၁ – ထိုကြယ်သည် ဒေါနရွက်ဟူသောအမည်ရှိ၏။ ရေသုံးစုတစုသည် ဒေါနရွက်ဖြစ်၍၊ ရေခါး သောကြောင့်၊ လူအများတို့သည် သေကြ၏။ ၁၂ – စတုတ္ထကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ နေသုံးစုတစု၊ လသုံးစုတစု၊ ကြယ်သုံးစုတစု ကြတ်၍ သုံးစုတစုတို့ မိုက်လေ၏။ နေ့သုံးစုတစု၊ ညဥ့်သုံးစုတစုသည် အလင်းမရှိ။

**ပထမတံပိုးခရာလေးခု**

၁။ ကောင်းကင်တမန်များမှုတ်သောတံပိုးခရာများသည် ရောက်လာမည့်တရားစီရင်ခြင်းကို ပုံဆောင်ခြင်းမဟုတ်၊ တရားစီရင်ခြင်းများကို ရောက်လာစေကြခြင်းဖြစ်သည်။ တံဆိပ်များနှင့်အတူတူဖြစ်သည်။ ပထမတံပိုးခရာလေးခု သည် တတွဲတည်းဖြစ်သည်။ တွေ့မြင်ရသောလောကကြီးကို စီရင်ခြင်းဖြစ်သည်၊ ကုန်းမြေ၊ ပင်လယ်၊ မြစ်များ၊ မိုး မျက်နှာကျက်။ တံဆိပ်များကဲ့သို့ နှစ်ဖွဲ့ဖြစ်သည်၊ တဖွဲ့၌ တံပိုးခရာလေးခု၊ နောက်တဖွဲ့၌ သုံးခု။

၂။ ပထမတံပိုးခရာမှုတ်သော်၊ မြေကြီးပေါ်သို့ မိုးသီးမုန်တိုင်းများ၊ မိုးကြိုးမုန်တိုင်းကြောင့် မီးလောင်ခြင်းများ၊ သွေး နှင့်ရောသောမီးမိုးများ ကျရောက်လာကြသည်။ ၄င်းတို့က အမြဲတမ်း ကမ္ဘာပေါ်ရောက်လာလေ့ရှိသော ကပ်ဘေး များကိုပြောနေသည်၊ သို့သော် ခြားနားမှုမှာ ကြိမ်ရေပိုများလာသည်၊ ပုံမှန်ထက်ပိုပြင်းထန်လာသည်။ ၄င်းတို့၏ ပို၍ ပြင်းထန်လာခြင်းကို မိုးသီးများ၊ မီးများက သွေးနှင့်ရော၍ကျလာခြင်းက ပြောနေပါသည်။
ရလဒ်မှာ သစ်ပင်ရှိသမျှ၏သုံးပုံတပုံ လောင်ကျွမ်းသည်၊ ၄င်းတို့က လောကခေါင်းဆောင်များ၊ သာမန်လူများကို ပုံ ဆောင်ခြင်းမဟုတ်၊ တကယ့်သစ်ပင်များကိုပြောနေခြင်းဖြစ်သည်။ အီဂျစ်ပြည်တွင်ကျရောက်ခဲ့သော ကပ်ဘေးများ ကို သတိရပါ၊ ထွက် ၉း၂၄။
သုံးပုံတပုံဆိုသည့် အရေအတွက်ကို သတိပြုပါ၊ စတုတ္ထတံဆိပ်ဖွင့်စဉ်အခါက အရေအတွက်မှာ လေးပုံတပုံဖြစ် သည်။ ယခုတော့ အနည်းငယ်ပို၍များသော သုံးပုံတပုံဖြစ်လာပြီ။ လေးပုံတပုံဆိုသောအရေအတွက်က ဖြစ်နေကြ ကပ်ကြီးများနှင့် ပုံမှန်သေနေကြအရေအတွက်ကိုပြောလျှင်၊ သုံးပုံတပုံဆိုသည့်အရေအတွက်က ပိုများသောပျက်စီး ခြင်း၊ သေဆုံးခြင်းကို ပြောပြပါသည်။ ထိုအရေအတွက်သည် ပထမတံပိုးရာလေးခုမှုတ်သောအခါတိုင်း ပေါ်လာ သောအရေအတွက်ဖြစ်ကြောင်း သတိပြုပါ။ ထို့ကြောင့် ဤကပ်ဆိုးကြီးက လူများတိရိစ္ဆာန်များကိုလည်း ထိခိုက်နေ ကြောင်းတွေ့နိုင်ပါသည်။

၃။ ဒုတိယတံပိုးခရာမှုတ်သော်၊ ကြီးမားသောမီးလုံးကြီးသည်၊ (တောင်ကြီးတခုနှင့်တူသည်၊ သို့သော် တကယ့်တောင် မဟုတ်၊) ကောင်းကင်မှကျလာသည်။ မည်သည့်အရာကြီးဖြစ်သည်ကို ပြောရခက်ပါသည်။ ပင်လယ်ထဲကျသွားသည်။ ပင်လယ်၏သုံးပုံတပုံသည် သွေးပုတ်အိုင်ကြီးကဲ့သို့ဖြစ်သွားသည်။ ပင်လယ်သတ္တဝါ သုံးပုံတပုံသေကြပါသည်။ ပုံ ဆောင်ချက်မဟုတ်၊ တကယ့်ပင်လယ်နေသက်ရှိများ သေကြခြင်းဖြစ်သည်။ လူနှင့်တိရိစ္ဆာန်များကို ထိခိုက်ပြန်သည်။

၄။ တတိယတံပိုးခရာကိုမှုတ်သော်၊ စကြဝဠာထဲမှ ဥက္ကာပျံကြီးတခု ပြုတ်ကျလာသည်။ မီးအိမ်ကြီးကဲ့သို့တွေ့ရသည်။ ပုံဆောင်ချက်မဟုတ်၊ တကယ့်ကြယ်ကြီးတလုံး ကြွေကျခြင်းဖြစ်သည်။ ၄င်းကို "ဒေါနရွက်"ဟုခေါ်သည်။ ဒေါနရွက် သည် အလွန်ခါးသည်။ အဆိပ်ပြင်းသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို အဆိပ်သင့်စေသောခါတ်တမျိုးထွက် လာခြင်းကိုပြောသည်။ မြစ်များ၏သုံးပုံတပုံကို အဆိပ်သင့်စေသည်။ ယခုတော့ မြေကြီးနှင့်ပင်လယ်မဟုတ်တော့ပါ၊

ရေချို့အစုအဝေးကို ထိခိုက်ခြင်းဖြစ်သည်။ လူနှင့်တိရိစ္ဆာန်တို့သောက်သုံးသောရေများ အဆိပ်သင့်သည်။ ထို့ကြောင့် သေကြပြန်သည်။

၅။စတုတ္ထတံဘိုးခရာမှုတ်သော်၊ နေ၊ လ၊ ကြယ်တို့ကိုထိခိုက်ပါသည်။ ကောင်းကင်ပေါ်ရှိသည့်အရာများဖြစ်သည်။ ၄င်းတို့ကို ရိုက်ခတ်လိုက်သဖြင့် သုံးပုံတပုံသည် မှောင်အတိကျသွားပါသည်။ ရလဒ်မှာ အတော်သိသာပါသည်။ လူ တိရိစ္ဆာန်နှင့်အပင်တို့သည် နေရောင်ချည်နှင့်အပူအားဖြင့် အသက်ရှင်ကြရရာ အားလုံးဒုက္ခအကြီးအကျယ်ရောက်ကြသည်။
ထိုတံဘိုးခရာလေးခုတို့သည် ဆက်တိုက်၊ တချိန်ထဲ မှုတ်ကြသဖြင့် ၄င်းတို့ကြောင့်ရောက်လာသော ကပ်ဆိုးကြီးများသည်တချိန်ထဲတစုတည်း တကမ္ဘာလုံးသို့ ရိုက်ခတ်ခြင်းဖြစ်သည်။ ၄င်းတို့က ကြီးမားသောကျောက်ရှဲ့ခြင်း၊ ငတ်မွတ်ခြင်း၊ ရောဂါဆိုးမျိုးစုံဖြစ်ခြင်း၊ အစုလိုက်အပြုံလိုက်သေဆုံးခြင်းတို့ကို ကာလရှည်ကြီး ဖြစ်စေပါသည်။ လူသားတို့၏ ဉာဏ်ပညာများက လိုက်မမှီတော့ပြီ။ ထိုခေတ်ကမ္ဘာကြီး၏ နိုင်ငံရေးနှင့်စည်းပွားရေးတို့ မည်မျှ ရှုတ်ထွေးကုန်မည်ကို ခန့်မှန်းနိုင်ပါသည်။

++++++++++++++++++++++++++++++++++++

ဟောပြဲ ၆း၄–၈ (ဂျိန်းဘုရင်မှု)
၄ – အဘယ်ကြောင့်ဆိုသော် တကြိမ်တခါ အလင်းပေးခြင်းခံရပြီးသူများ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောလက်ဆောင်ကို မြည်းစမ်းဘူးသူများ၊ သန့်ရှင်းသောဝိညာဉ်တော်ကို ပါဝင်ဆက်ဆံခွင့်ရဘူးသူများ၊
၅ – ဘုရားသခင်၏ ကောင်းသောနှုတ်ကပတ်တော်ကို မြည်းစမ်းဘူးသူများ၊ နောက်ရောက်လာမည်ကမ္ဘာကြီး၏တန်ခိုးစွမ်းအင်များကို မြည်း စမ်းဘူးသူများ၊
၆ – အကယ်၍၊ ထိုသို့သောသူတို့ လမ်းမှားသို့ကျဆုံးကြသောအခါ၊ နောက်တခါ နောင်တရခြင်းသို့ ပြန်ရောက်ဖို့ မဖြစ်နိုင်တော့ပါ၊ သူတို့သည် ဘုရားသခင်၏သားတော်ကို အသစ်တဖန် လက်ဝါးကပ်တိုင်ပြန်တင်ကြသူများ၊ သူ့ကို လူသိရှင်ကြားအရှက်ရစေကြသူများဖြစ်ကြသည်။
၇ – အဘယ်ကြောင့်ဆိုသော် မိမိအပေါ်သို့ အခါခါကျသောမိုးကို သောက်သုံးသောမြေသည်၊ သူ့အားပြုစုသူတို့အတွက် သစ်ဥသစ်ဖုတို့ကို ထုတ်လုပ်ပေးလျှင်၊ ဘုရားသခင်ထံမှ ကောင်းချီးကို ခံရ၏။
၈ – သို့သော် ဆူးပင်များ၊ ပေါင်းနွယ်ပင်များကို ဖြစ်စေသောမြေဖြစ်ပါက ငြင်းပယ်ခြင်းခံရမည်ဖြစ်သည်၊ ကျိန်ခြင်းခံရရန် နီးပြီဖြစ်သည်၊ ၄င်း၏အဆုံးသတ်နိဂုံးသည် မီးရှို့ခံရခြင်းသာဖြစ်သည်။